**Myanmar Health Assistant Association**
**Vacancy Announcement**
**(VA- 055/2025 MHAA-HR)**

| | |
|---|---|
| **ရာထူးအမည်** | **Community Mobilizer (ရပ်ရွာစည်းရုံးရေးမှူး)** |
| **အရေအတွက်** | **၃ ဦး** |
| **စီမံချက်အမည်** | Improving Access to Nutrition Services and Nutritional Support to Notified TB Patients for Treatment Success for Vulnerable Communities in Yangon Region (ANS Project – Yangon) |
| **ခန့်ထားမည့်ဒေသ** | Yangon (frequent travel to field area) |
| **အစီရင်ခံစာတင်ပြရမည့်သူ** | Project Officer(စီမံချက်အရာရှိ) |
| **အဆင့်သတ်မှတ်ချက်** | A2 |
| **လျှောက်လွှာနောက်ဆုံးရက်** | **၁၀ ရက်နေ့ ဇူလိုင်လ ၂၀၂၅ ခုနှစ်** |

**မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (MHAA)** သည် ကျန်းမာရေးမှူးများနှင့် ဖွဲ့စည်းထားပြီး ကျန်းမာရေးဆိုင်ရာမြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် ရောဂါထိန်းချုပ်ခြင်းများမှတဆင့် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီညီမျှသော အရည်အသွေးရှိသော ပြည်သူ့ကျန်းမာရေးပညာရှင်များ စုစည်းထားသော အမျိုးသားအသင်းအဖွဲ့ ဖြစ်သည်။ **MHAA** သည် ပြည်သူလူထု၏ ယုံကြည်မှုနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုကို ရရှိသော စည်းလုံးညီညွတ်သည့် လွတ်လပ်သော အဖွဲ့အစည်းတစ်ခု အဖြစ်ရပ်တည်သော အဖွဲ့အစည်းဖြစ်သည်။ **MHAA** သည် မြန်မာနိုင်ငံရှိ ကျန်းမာရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်သည့် ရပ်ရွာလူထုများ၏ သုခချမ်းသာအတွက် ညှိနှိုင်းခြင်း၊ ထိရောက်ပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများကို ပိုမိုခိုင်မာစေရန်နှင့် တိုးတက်စေရန် အာရုံစိုက်သည်။ **MHAA** သည် လက်ရှိမြန်မာနိုင်ငံ၏ (၉၄)မြို့နယ်ရှိ ရောဂါထိန်းချုပ်ရေး၊ RMNCH, NUTRITION, WASH, HSS နှင့် အရေးပေါ်တုန့်ပြန်မှုများနှင့်အတူ စီမံကိန်းအမျိုးမျိုးကို လုပ်ကိုင်နေပါသည်။ **MHAA** ၏ ရုံးချုပ်သည် ရန်ကုန်တွင်ရှိပြီး ရုံးခွဲများသည် ပြည်နယ်/တိုင်း၊ ခရိုင်/မြို့နယ် အဆင့်အားလုံးတွင် တည်ရှိသည်။ **MHAA** ၏ အဓိကတန်ဖိုးများမှာ - တာဝန်ယူမှု၊ ဂုဏ်သိက္ခာရှိမှု၊ ကိုယ်ကျင့်စာနာစိတ်ရှိမှု၊ လူသားဂုဏ်သိက္ခာအားလေးစားမှု၊ ပရော်ဖက်ရှင်နယ်ဆန်မှုနှင့် ခွဲခြားဆက်ဆံ မှုမရှိခြင်း စသည်တို့ဖြစ်သည်။ **MHAA** အကြောင်းကို ပိုမိုသိရှိလိုပါက www.myanmarhaa.org တွင် ကြည့်ရှုနိုင်ပါသည်။

## တာဝန်အကျဉ်းချုပ်

စီမံချက်အရာရှိ၏ကြီးကြပ်မှုအောက်တွင် ရပ်ရွာစည်းရုံးရေးမှူးသည် တီဘီ ဆေးသောက်လူနာများအား အာဟာရအထောက်အပံ့များကိုလစဉ်ဖြန့်ဝေရမည်ဖြစ်ပြီး စီမံချက်၏ စီမံရေး ရာ၊ ဘဏ္ဍာရေးရာနှင့် ဝယ်ယူရေးရာကိစ္စများတွင် ကူညီရမည်။

## အဓိကတာဝန်ဝတ္တရားများ

- ❖ အာဟာရလာရောက်ထုတ်ယူသူများအားကြိုဆိုခြင်းနှင့် လက်ခံမှုအတည်ပြုခြင်းကို တာဝန်ယူ ဆောင်ရွက်ရမည်။
- ❖ တီဘီဆေးသောက်လူနာအားလုံးကို လစဉ်အာဟာရအထောက်အပံ့များ ဖြန့်ဝေရန် တိတိကျကျ ဆောင်ရွက်ရမည်။
- ❖ ဖြန့်ဝေမှုမှတ်တမ်းများကို စနစ်တကျထိန်းသိမ်းရန်နှင့် စီမံချက်အရာရှိ/M&E သို့ အချိန်မီ အစီရင်ခံရမည်။
- ❖ တီဘီဆေးသောက်လူနာများ၏ အချက်အလက်နှင့် ရလဒ်များကို နေ့စဉ်ပြုလုပ်ရမည်။
- ❖ တီဘီဆေးသောက်လူနာများထံမှ အထူးသဖြင့် အလေးချိန်၊ အရပ်၊ MUAC စသည်တို့ကို စနစ်တကျတိုင်းတာပြီး လစဉ်မှတ်တမ်းတင်ရမည်။
- ❖ စီမံချက်၏စာရင်းတွင် လူနာ၏ အချက်အလက်အားလုံးကို ဒေတာထည့်သွင်းရမည်ဖြစ်ပြီး စီမံကိန်းအရာရှိနှင့် M&E ကို လစဉ်အချိန်မီအစီရင်ခံရမည်။
- ❖ စီမံချက်မှကျင်းပမည့်အခမ်းအနားများကို စီစဉ်ခြင်းနှင့် လုပ်ဆောင်ခြင်းကို ကူညီရမည်။
- ❖ စီမံချက်အတွက်လိုအပ်သော စီမံရေးရာစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ရမည်။
- ❖ လာရောက်သွင်းသူများနှင့် စာရင်းမှထွက်သွားသူများ၏ စာရင်းဇယားများကို စနစ်တကျ ထိန်းသိမ်းရမည်။
- ❖ လိုအပ်သောစာရွက်စာတမ်းများကို မိတ္တူကူးခြင်း၊ ပုံနှိပ်ခြင်း၊ စကင်ဖတ်ခြင်း၊ စီမံရေးရာဖိုင်များနှင့် မှတ်တမ်းများကို အမြဲအပ်ဒိတ်ထားရန်နှင့် အစီအစဉ်ပြုလုပ်ရမည်ဖြစ်သည်။
- ❖ စီမံချက်အရာရှိအား လစဉ်အစီအစဉ်မှတ်တမ်းပြုစုခြင်းနှင့် အချိန်မီငွေပေးချေမှုတို့အတွက် ကူညီရမည်။
- ❖ ရုံးသုံးပစ္စည်းများစာရင်းထိန်းသိမ်းရန်နှင့် လိုအပ်သောပစ္စည်းများအတွက် ဝယ်ယူခြင်းများ ပြုလုပ်ရမည်။
- ❖ စီမံချက်အတွက် လိုအပ်သော ပြည်တွင်းဝယ်ယူမှုများကို အဖွဲ့အစည်း၏မူဝါဒများနှင့်အညီ ဝယ်ယူဆောင်ရာတွင် ကူညီဆောင်ရွက်ရမည်။
- ❖ လစဉ်/အပတ်စဉ်၊ အရေးပေါ်အစီရင်ခံချက်များကို အချိန်မီစီမံချက်အရာရှိထံ ပေးပို့ရမည်။
- ❖ Supervisors မှ အပ်နှင်းသော တာဝန်နှင့် သက်ဆိုင်သော တာဝန်များကို မပျက်မကွက် တာဝန်ကြေပွန်စွာလုပ်ဆောင်ရမည်။

**လိုအပ်သော အရည်အချင်းများ**

- ❖ အနည်းဆုံးအခြေခံပညာအထက်တန်း(တက္ကသိုလ်ဝင်တန်း)တက်ဖူးသူ (သို့မဟုတ်) လုပ်ငန်းနှင့် ကိုက်ညီသော ပညာအရည်အချင်းရှိသူဖြစ်ရမည်။
- ❖ ကွန်ပျူတာ အခြေခံ တတ်ကျွမ်းသူ ဦးစားပေးမည်။
- ❖ ဒေသ၏ ဘာသာစကား ကျွမ်းကျင်စွာ နားလည် ပြောဆိုနိုင်သူဖြစ်ရမည်။
- ❖ လူထုအား စည်းရုံးလှုံ့ဆော်ခြင်းနှင့် သင်တန်းပေးသည့် အတွေ့အကြုံရှိသူအား ဦးစားပေးမည်။
- ❖ ဆက်ဆံရေးကောင်းမွန်၍ အသင်းအဖွဲ့ဖြင့် လုပ်ဆောင်ချင်သူဖြစ်ရမည်။
- ❖ လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား စိတ်ပါဝင်စားစွာဖြင့် စေတနာထား လုပ်ဆောင်နိုင်သူ ဖြစ်ရမည်။
- ❖ သက်ဆိုင်ရာ စီမံချက်မြို့နယ်မှ လျှောက်ထားသူဒေသခံအား ဦးစားပေးမည်။
- ❖ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

**လျှောက်လွှာညွှန်ကြားချက်များ**

စိတ်ပါဝင်စားသူသည် ကိုယ်ရေးရာဇဝင်နှင့် အလုပ်လျှောက်ထားလွှာကို (Word ဖိုင် သို့မဟုတ် PDF ဖိုင်ဖြစ်စေ) **hr.recruitment@myanmarhaa.org** သို့ ပေးပို့မည့် ခေါင်းစဉ်အဖြစ် "**Community Mobilizer (ရပ်ရွာစည်းရုံးရေးမှူး) VA-055/2025 MHAA-HR**" ဟု ရေးသား၍လည်းကောင်း (သို့မဟုတ်) သက်ဆိုင်ရာမြို့နယ် စီမံချက်ရုံးအသီးသီးသို့ လည်းကောင်း ပေးပို့လျှောက်ထား နိုင်ပါသည်။ လျှောက်ထားရန် နောက်ဆုံးရက်မှာ **၁၀ ရက်နေ့ ဇူလိုင်လ ၂၀၂၅ ခုနှစ်** ဖြစ်သည်။

- **လျှောက်ထားသောနေရာကို မှန်ကန်စွာဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**
- **ရွေးချယ်ခံရသော လျှောက်လွှာရှင်များကိုသာ တွေ့ဆုံမေးမြန်းရန်အတွက် ဆက်သွယ်မည်ဖြစ်သည်။**
- **နောက်ဆုံးပေးပို့ရမည့် နေ့ရက်နှင့် အချိန်ထက် နောက်ကျမှ ရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

**HR Unit**
**Myanmar Health Assistant Association (MHAA)**
**TB Hospital Road, Aung San, Insein Township, Yangon, Myanmar.**
**Phone: (+95) 9409832273,**
**Email: hr.recruitment@myanmarhaa.org**

**MHAA** သည် တန်းတူညီမျှအခွင့်အရေးရရှိသော အဖွဲ့အစည်းဖြစ်သည်။ လူမျိုး၊ ဘာသာ၊ အသက်၊ ကျား၊မ၊ လိင်စိတ်တိမ်းညွတ်မှု၊ မသန်စွမ်းမှု စသည်တို့ခွဲခြားမှုမရှိဘဲ အရည်အချင်းပြည့်မီသော လျှောက်ထားသူအားလုံးထံမှ လျှောက်လွှာများကို ကြွနိုပ်တို့မှ ကြိုဆိုပါသည်။ MHAA တွင် လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ နှောင့်ယှက်မှုနှင့် အလွဲသုံးစားပြုမှုကို (လုံးဝ) လက်မခံသော အဖွဲ့အစည်းဖြစ်ပြီး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် MHAA ၏ကျင့်ဝတ်ဆိုင်ရာ ကတိကဝတ်များကို ဝန်ထမ်းအားလုံးမှ လေးစားလိုက်နာရသော အဖွဲ့အစည်းဖြစ်သည်။